☐改編自：________________

■自編

111 年新北市各級學校東南亞語文競賽
團體朗讀文稿 <u>緬甸</u>語 <u>國高中職</u>組 **B-1**

# ယာဉ် ၊ လမ်းအန္တရာယ် ကင်းရှင်းရေး

A: နင် ဒီနေ့ ဘာလို့ ဒီလောက်ကျောင်းနောက်ကျတာလဲ။

B: ခုနက ငါ စီးလာတဲ့ ဘတ်စကားနဲ့ အငှားယာဉ်နဲ့ တိုက်မိလို့။ ဒါကြောင့် နောက်ကျသွားတာ။

A: နင် ဘာဖြစ်သွားသေးလဲ။

B: ကံကောင်းလို့။ ဘတ်စကား အရှိန်မပြင်းလို့ ဒဏ်ရာမရတာ။ ကျေးဇူးပါပဲ။

A: ငါ့ဖေဖေ ဆိုင်ကယ်စီးတဲ့ အခါမှာ အငှားယာဉ်နဲ့ ဘတ်စကားကို အမြဲရှောင်ရတယ်။ တကယ်လို့ သတိမထားမိလိုက်ရင် ယာဉ်တိုက်မှု အလွယ်တကူ ဖြစ်နိုင်တယ်။

B: ဟုတ်ပါတယ်။ ဘတ်စကား အတက်အဆင်းမှာလည်း ဆိုင်ကယ် ဒါမှမဟုတ် မော်တော်ကား လာမလာကို သတိထားရမယ်။

A: ဒါကြောင့် ငါ့ဖေဖေ ဆိုင်ကယ်စီးတိုင်း ဘတ်စကားက မှတ်တိုင်မှာ ရပ်တာနဲ့ကြုံ

ရင်၊ အနောက်ဘက်မှာရပ်ပြီး၊ ဘတ်စကား တံခါးပိတ်ပြီး မှတ်တိုင်ကနေ

မောင်း

ထွက်သွားမှ အရှေ့ကို ဆက်ပြီး စီးတယ်။ ဒါမှ လူကို မတော်တဆ မတိုက်မိမှာ။

B: နင့်ဖေဖေက တကယ့်ကို တော်တဲ့ ကားမောင်းသူ တစ်ဦးပဲ။ ကားမောင်းသူတိုင်း

အားလုံး တစ်ဦးနဲ့ တစ်ဦး အပြန်အလှန် ဦးစားပေးတတ်ကြရင် ကောင်းမှာပဲ။ ဒါမှ

မတော်တဆ ယာဉ်တိုက်မှုတွေလည်း လျော့နည်းသွားမှာ။

A: ကျေးဇူးပဲနော်။ ငါ အိမ်ပြန်ရောက်ရင် ဖေဖေ့ကို ပြောပြလိုက်ပါ့မယ်။